# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

**သတင်းထုတ်ပြန်ချက်**

၂၀၀၉ ခုနှစ်၊ မတ်လ (၂၇)ရက်

## "အမှောင်လွှမ်းစေသော တပ်မတော်မှသည် ဂုဏ်ပြုထိုက်သော တပ်မတော်သို့"

ယနေ့ မတ်လ(၂၇)နေ့တွင် မြန်မာနိုင်ငံသူအမျိုးသမီးများအား စစ်တပ် တပ်ဖွဲ့ဝင်များနှင့် အာဏာပိုင်များ၏ မုဒိမ်းကျင့်မှုများနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကိုပြသထားသည့် ***အမှောင်လွှမ်းစေသော တပ်မတော်မှ ဂုဏ်ပြုထိုက်သော တပ်မတော်သို့*** မှတ်တမ်းဗွီဒီယိုခွေအား အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ စတင်ဖြန့်ချိ သည်။

ထိုမှတ်တမ်းဗွီဒီယိုခွေတွင် ခါးသီးလှသည့် ဘဝအတွေ့အကြုံများကို တွေ့ကြုံခံစားခဲ့ရသည့် အမျိုးသမီး (၄)ဦးနှင့် တွေ့ဆုံမေးမြန်းထားချက်များကို ဖေါ်ပြထားသည်။ လူမှန်းသိတတ်စအရွယ်ကတည်းက ပြေးလွှား ပုန်းရှောင်ပြီး ဘဝကို ခက်ခဲပင်ပန်းစွာ ရပ်တည်ရှင်သန်နေရသည့် အသက်(၅၀)ကျော် ဝန်းကျင်ရှိသည့် ကရင်အမျိုးသမီး နော်သောင်းညွန့်က **"ကျမတို့က ရွာသားဆိုပေမဲ့ သူတို့က ကျမတို့ကို ရန်သူတွေလို သဘောထားတာ၊ သူတို့တွေလာရင် ပြေးပြေးနေရတာပဲ၊ မပြေးရတာ တခါမှမရှိဘူး။ မပြေးရင် ပြဿနာကို စောင့်နေတာနဲ့ အတူတူပဲ"**ဟု သူမရဲ့ အတွေ့အကြုံတွေကို ပြောပြပါသည်။

စစ်တပ် တပ်ဖွဲ့ဝင်များနှင့် အာဏာပိုင်များက အမျိုးသမီးများအပေါ် မုဒိမ်းကျင့်မှုများကို နှစ်ပေါင်းအတော်ကြာ အစီအစဉ်ချ ကျူးလွန်နေကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများမှာ စစ်တပ်တိုးချဲ့ ချထားမှုနှင့်အတူ ကျူးလွန်နေသည့် အထောက်အထားတွေကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်ရေးကိုယ်စားလှယ်၏ နှစ်ပတ်လည်အစီရင်ခံစားများတွင် ထည့်သွင်းဖေါ်ပြထားသည်။ သို့သော်လည်း စစ်တပ်က အစီအစဉ်ချ မုဒိမ်းပြု ကျင့်နေမှုများ လုံးဝမဟုတ်ကြောင်း စစ်အစိုးရက တရားဝင်ငြင်းဆိုထားသည်။

၂၀၀၇ –ခုနှစ်၊ စက်တင်ဘာလတွင် စီဒေါကော်မတီသို့ တင်သွင်းသည့် စစ်အစိုးရ၏ အမျိုးသမီးများအပေါ် ခွဲခြား မှုများအားလုံး ပပျောက်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံက အမျိုးသမီးများသည် မမွေးခင်ကတည်းက အခွင့် အရေးအပြည့်အဝရနေကြောင်း၊ ခွဲခြားဆက်ဆံမှုမရှိကြောင်း ရေးသားအစီရင်ခံထားပါသည်။

သို့သော် "ကျမကို စစ်သားတွေက အဓမ္မပြုကျင့်ကြတယ်။ တစ်ယောက်တည်းလည်းမဟုတ်ဘူး တစ်ယောက်ပြီး တစ်ယောက်လာကြတယ်။ ကျမမှာ ကိုယ်ဝန်ကြီးနဲ့ပါလို့ ဘယ်လောက်ပဲ တောင်းပန် တောင်းပန် မရပါဘူး။ နောက်ပြီးတော့ ကျမတစ်ယောက်တည်းလဲမဟုတ်ဘူး အခြား မိန်းခလေးတွေလဲ အများကြီးပဲ ခံကြရတယ်"**ဟု** ဗွီဒီယိုမှတ်တမ်းတွင် အမျိုးသမီးတဦးမှ ပြောပြခဲ့ပါသည်။

"တိုင်းပြည်တပြည်မှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူတွေရဲ့ အသက် အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးတဲ့ တပ်မတော်၊ ပြည်သူလူထုက ယုံကြည်ကိုးစားရတဲ့ တပ်မတော်ဖြစ် လာဖို့အတွက် တပ်မတော်သားတိုင်းမှာ တာဝန်ရှိပါတယ်" ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ တွဲဖက် အထွေထွေအတွင်းရေးမှူး (၁) ဖြစ်သူ မတင်တင်နွယ်မှ ပြောသည်။

ဂုဏ်ပြုထိုက်သော တပ်မတော် ဖြစ်ပေါ်လာစေရေးအတွက် ကျူးလွန်မှုများအတွက်တာဝန်ယူရန်နှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများတွင် ပြည်သူလူထုဖက်မှရပ်တည်၍ ပါဝင်လာရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ လှုံ့ဆော်လိုက်ပါသည်။


**ဆက်သွယ်ရန်**

နန်းဆိုင်နောင့် ၀၈၁၈၈၄၄၁၆၃

တင်တင်နွယ် ၀၈၇၈၄၉၉၃၃၂



P.O Box. 413 G P O Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org